## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး တို့တွင် နှစ်လဲသက်တမ်းတိုးမှတ်ပုံတင်ခြင်းအတွက် Online Booking ဖြင့် ရက်ချိန်းရယူသည့် ဝန်ဆောင်မှုလုပ်ငန်းများပြန်လည်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းအသိပေးကြေညာချက်

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် 2019 Novel Coronavirus (COVID–19) ကြိုတင်ကာကွယ်ရေးနှင့်ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် လူစုလူဝေးဖြင့် လုပ်ငန်းလက်ခံဆောင်ရွက်နေသည့် ဝန်ဆောင်မှုလုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရုံးများ၌ ၂၅.၃.၂၀၂၀ ရက်မှစတင်၍လည်းကောင်း၊ ကျန်ရုံးများအားလုံး၌ (၃၀.၃.၂၀၂၀)ရက်မှစတင်၍လည်းကောင်း ခေတ္တရပ်ဆိုင်းခဲ့ရပါသည်။ ယခုအခါ COVID–19 ရောဂါ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်ရေးလုပ်ငန်းများအား အတိုင်းအတာတစ်ရပ်အထိ ဆောင်ရွက်နိုင်ပြီဖြစ်၍ ဌာန၏ ဝန်ဆောင်မှုလုပ်ငန်းများကို ၈.၆.၂၀၂၀ ရက် (တနင်္လာနေ့) မှစတင်၍ ပြန်လည်လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ ဝန်ဆောင်မှုလုပ်ငန်းများ ခေတ္တရပ်ဆိုင်းခဲ့ရခြင်းကြောင့် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင်လုပ်ငန်းဆောင်ရွက်မည့်ပြည်သူများ များပြားလာနိုင်သည်ဖြစ်ရာ ပြည်သူများ အဆင်ပြေစေရေးနှင့် လူစုလူဝေးများပြားမှုမရှိစေရေးအတွက် နှစ်လဲသက်တမ်းတိုး ယာဉ်စီးရေကို ရုံးများအလိုက် အောက်ပါအတိုင်း အချိန်များခွဲခြား၍လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်–

**(က) ရန်ကုန်တိုင်းဒေသကြီး**

| စဉ် | ရုံးအမည် | လုပ်ငန်းနေရာ | သက်တမ်းတိုးလက်ခံဆောင်ရွက်ပေးမည့်အချိန် | | | | စုစုပေါင်း (စီးရေ) | | ယာဉ်မှန်/မမှန် (စီးရေ) | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ၈:၃၀ ၁၀:၃၀ (စီးရေ) | ၁၀:၃၀ ၁၂:၀၀ (စီးရေ) | ၁၃:၀၀ ၁၅:၀၀ (စီးရေ) | ၁၅:၀၀ ၁၆:၃၀ (စီးရေ) | ယခင် | ယခု | ယခင် | ယခု |
| (က) | တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး) | ခရီးသည်တင်ယာဉ် | ၂၅ | ၂၅ | ၂၅ | ၂၅ | ၃၀၀ | ၄၀၀ | ၂၅ | ၂၅ |
| | | ကုန်တင်ယာဉ် | ၈၅ | ၇၅ | ၈၅ | ၅၅ | | | | |
| (ခ) | ခရိုင်ရုံး (ရန်ကုန်အနောက်) | ပိုင်ရှင်ကိုယ်တိုင် | ၅၀ | ၅၀ | ၅၀ | ၅၀ | ၆၅၀ | ၇၂၀ | ၇၀ | ၃၀ |
| | | ကိုယ်စားလှယ် | ၁၅၀ | ၁၅၀ | ၁၁၀ | ၁၁၀ | | | | |
| (ဂ) | ခရိုင်ရုံး (ရန်ကုန်အရှေ့) | ပိုင်ရှင်ကိုယ်တိုင် | ၄၀ | ၄၀ | ၄၀ | ၄၀ | ၄၂၀ | ၄၆၀ | ၅၀ | ၂၅ |
| | | ကိုယ်စားလှယ် | ၇၅ | ၇၅ | ၇၅ | ၇၅ | | | | |
| (ဃ) | ခရိုင်ရုံး (ရန်ကုန်မြောက်) | ပိုင်ရှင်ကိုယ်တိုင် | ၃၅ | ၃၅ | ၃၅ | ၃၅ | ၃၅၀ | ၄၀၀ | ၄၀ | ၂၅ |
| | | ကိုယ်စားလှယ် | ၆၅ | ၆၅ | ၆၅ | ၆၅ | | | | |
| (င) | ခရိုင်ရုံး (ရန်ကုန်တောင်) | ပိုင်ရှင်/ ကိုယ်စားလှယ် | ၆၀ | ၆၀ | ၆၀ | ၆၀ | ၂၀၀ | ၂၄၀ | ၂၅ | ၂၅ |

(ခ) မန္တလေးတိုင်းဒေသကြီး

| စဉ် | ရုံးအမည် | သက်တမ်းတိုးလက်ခံဆောင်ရွက်ပေးမည့်အချိန် | | စုစုပေါင်း (စီးရေ) | | ယာဉ်မှန်/မမှန် (စီးရေ) | |
|---|---|---|---|---|---|---|---|
| | | နံနက်ပိုင်း (စီးရေ) | နေ့လယ်ပိုင်း (စီးရေ) | ယခင် | ယခု | ယခင် | ယခု |
| (က) | ခရိုင်ရုံး (မန္တလေးတောင်) | ၃၀၀ | ၁၅၀ | ၂၉၅ | ၄၅၀ | ၃၀ | ၁၀ |
| (ခ) | ခရိုင်ရုံး (မန္တလေးမြောက်) | ၃၀၀ | ၂၅၀ | ၄၀၅ | ၅၅၀ | ၄၅ | ၂၀ |

၃။ ယာဉ်ပိုင်ရှင်များသည် မိမိယာဉ်စစ်ဆေးလိုသည့်ရက်များကို ၅.၆.၂၀၂၀ ရက်(သောကြာနေ့)မှ စတင်၍ ယခင်အတိုင်း www.rtad.gov.mm Website တွင် Online booking ကို အနည်းဆုံး(၁) ရက်မှ အများဆုံး(၃၀)ရက်အထိ ကြိုတင်ရယူနိုင်ပါသည်။

၄။ ဌာနအနေဖြင့် အစိုးရရုံးဖွင့်ရက်များသာမက အပတ်စဉ် စနေနေ့ကိုပါ ဝန်ဆောင်မှုလုပ်ငန်းများ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ နောက်ဆုံးပတ်အထိ စနေနေ့ပါ Online Booking ရယူနိုင်ပါသည်။

၅။ ထို့ပြင် ယခင်က လစဉ် လ တစ်လ၏ နောက်ဆုံး ရုံးဖွင့်ရက် (၂) ရက်ကို Online Booking ရက်ချိန်းယူရန်မလိုဘဲ လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ လူစုလူဝေးကြီးမားစွာမဖြစ်ပေါ် စေရေးအတွက် အဆိုပါရက်များပါ Online Booking ရယူရမည် ဖြစ်ပါသည်။

၆။ Online Booking အသုံးပြုရန် အသေးစိတ်အချက်အလက်များအား www.motc.gov.mm, www.myanmarrtad.com, www.rtad.gov.mm Website, Rtad HQ Facebook Account များနှင့် Ministry of Transport and Communications, Myanmar Facebook Page တွင်ဝင်ရောက်ကြည့်ရှု နိုင်ပြီး မရှင်းလင်းသည်များရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေး မြန်းနိုင်ပါသည်-

**နေပြည်တော်**

- ရုံးချုပ်(နေပြည်တော်) – ၀၆၇-၃၄၀၅၀၉၉

**ရန်ကုန်တိုင်းဒေသကြီး**

- တိုင်းဒေသကြီးရုံး(ရန်ကုန်) – ၀၁-၅၇၀၉၆၇
- တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး) – ၀၁-၂၅၈၅၀၈၂
- ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) – ၀၁-၅၉၀၁၀၇
- ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း) – ၀၁-၅၇၃၁၀၉
- ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) – ၀၅၆-၂၁၀၈၀
- ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) – ၀၁-၃၆၄၄၃၁၀

**မန္တလေးတိုင်းဒေသကြီး**

- တိုင်းဒေသကြီးရုံး(မန္တလေး) – ၀၂-၄၀၃၆၁၁၃
- ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) – ၀၂-၄၀၃၆၆၉၇
- ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) – ၀၂-၄၀၆၁၈၃၆

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**